ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# ရုံးတွင်းညွှန်ကြားလွှာအမှတ် ( ၁ / ၂၀၂၀ )

အကြောင်းအရာ။ **အရက်၏အကောက်ခွန်နှုန်းများ တိုးမြှင့်ခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၃-၁-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂ / ၂၀၂၀

အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာ့အကောက်ခွန်နှုန်းစာရင်း (၂၀၁၇) ၏ အခန်း (၂၂) နောက်ဆက်တွဲပါ ခေါင်းစဉ် (၂၂.၀၈) တွင် ပါရှိသည့်အရက် (၁၈)လိုင်း၏ အကောက်ခွန်နှုန်းအား ၁၉၉၂ ခုနှစ်၊ အကောက်ခွန်နှုန်းဥပဒေ ပုဒ်မ ၃ (ဃ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ လက်ရှိအကောက်ခွန်နှုန်းထား ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းသို့ ပြင်ဆင်သတ်မှတ်လိုက်ကြောင်း ရည်ညွှန်းချက်ပါအမိန့်ကြော်ငြာစာဖြင့် ပြည်ထောင်စုဝန်ကြီးရုံးမှ ပေးပို့အကြောင်းကြားလာပါသဖြင့် လိုက်နာဆောင်ရွက်ရန်နှင့် ဤရုံးတွင်းညွှန်ကြားလွှာပါ ပြင်ဆင်သတ်မှတ်ချက်သည် ၁-၄-၂၀၂၀ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်ဖြစ်ကြောင်း ညွှန်ကြားလိုက်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာ
အမှတ်၊ ၂ /၂၀၂၀
နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃ ရက်)

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် အကောက်ခွန်နှုန်းဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းကုန် ထုတ်လုပ်မှု တိုးတက်စေရန်နှင့် နိုင်ငံခြားငွေကြေးစီးဆင်းမှုကို ကာကွယ်ရန် ပြည်သူတို့အတွက် မရှိမဖြစ် လိုအပ်သောပစ္စည်းမဟုတ်သည့် မြန်မာ့အကောက်ခွန်နှုန်းစာရင်း (၂၀၁၇)၊ အခန်း (၂၂) နောက်ဆက်တွဲပါ ခေါင်းစဉ် (၂၂.၀၈) တွင် ပါရှိသည့် အရက် (၁၈) လိုင်း၏ အကောက်ခွန်နှုန်းအား လက်ရှိနှုန်းထား ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းသို့ ပြင်ဆင်သတ်မှတ်လိုက်သည်။

၂။ အမိန့်ကြော်ငြာစာပါ ပြင်ဆင်သတ်မှတ်ချက်သည် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘစ/ ဘဏ္ဍာ-၅ / ၁ / ၅ ( ၂၅ /၂၀၂၀)
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃ ရက်

**ဖြန့်ဝေခြင်း**
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး

| WCO H.S Code | AHTN Code | Stat. Code | MACCS Code | Description | Qty | MCT Rate (%) |
|---|---|---|---|---|---|---|
| **22.08** | | | | **Undenatured ethyl alcohol of an alcoholic strength by volume of less than 80% vol.; spirits, liqueurs and other spirituous beverages.** | | |
| 2208.20 | | | | - Spirits obtained by distilling grape wine or grape marc: | | |
| | 2208.20.50 | 00 | 1 | - - Brandy | l | 50 |
| | 2208.20.90 | 00 | 4 | - - Other | l | 50 |
| 2208.30 | 2208.30.00 | 00 | 4 | - Whiskies | l | 50 |
| 2208.40 | 2208.40.00 | 00 | 2 | - Rum and other spirits obtained by distilling fermented sugar-cane products | l | 50 |
| 2208.50 | 2208.50.00 | 00 | 0 | - Gin and Geneva | l | 50 |
| 2208.60 | 2208.60.00 | 00 | 5 | - Vodka | l | 50 |
| 2208.70 | | | | - Liqueurs and cordials: | | |
| | 2208.70.10 | 00 | 2 | - - Of an alcholic strength by volume not exceeding 57% vol. | l | 50 |
| | 2208.70.90 | 00 | 1 | - - Other | l | 50 |
| 2208.90 | | | | - Other: | | |
| | 2208.90.10 | 00 | 5 | - - Medicated samsu of an alcoholic strength by volume not exceeding 40% vol. | l | 50 |
| | 2208.90.20 | 00 | 4 | - - Medicated samsu of an alcoholic strength by volume exceeding 40% vol. | l | 50 |
| | 2208.90.30 | 00 | 3 | - - Other samsu of an alcoholic strength by volume not exceeding 40% vol. | l | 50 |
| | 2208.90.40 | 00 | 2 | - - Other samsu of an alcoholic strength by volume exceeding 40% vol. | l | 50 |
| | 2208.90.50 | 00 | 1 | - - Arrack or pineapple spirit of an alcoholic strength by volume not exceeding 40% vol. | l | 50 |
| | 2208.90.60 | 00 | 0 | - - Arrack or pineapple spirit of an alcoholic strength by volume exceeding 40% vol. | l | 50 |
| | 2208.90.70 | 00 | 6 | - - Bitters and similar beverages of an alcoholic strength not exceeding 57% vol. | l | 50 |
| | 2208.90.80 | 00 | 5 | - - Bitters and similar beverages of an alcoholic strength exceeding 57% vol. | l | 50 |
| | | | | - - Other: | | |
| | 2208.90.91 | 00 | 6 | - - - Of an alcoholic strength by volume not exceeding 1.14% vol. | l | 50 |
| | 2208.90.99 | | | - - - Other: | l | 50 |
| | | 10 | 4 | - - - - - - *Brandies* | | |
| | | 90 | 0 | - - - - - - *Other* | | |